ငဝ်ႈငၼ်းတီႈ မူဝ်ႇၶရေႇလီႇ လိူဝ်ႇၼိူဝ်းတၢင်း
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
**Shan Nationalities League for Democracy**

# ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်

၁။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ ပင်းတောက် ကျေးရွာအုပ်စု၊ နမ့်လင်းမိုင်ကျေးရွာပါတီစည်းရုံးရေးမှူး စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်းအား ကျိုင်းတုံ အခြေစိုက် ခလရ(၂၄၅) က ၂၀၁၄ ခုနှစ် မေလ ၅ ရက်နေ့ ည ၈ နာရီခန့်တွင် ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါသည်။

၂။ စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်းအား သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် အဆက်အသွယ်ရှိသဖြင့် RCSS/SSA က ပေးထားသော သေနတ်တစ်လက်ရှိသည် ဟူသော စွပ်စွဲချက်ဖြင့် အမျိုးမျိုးခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ညှဉ်းပန်းခြင်း၊ အတင်းအဓမ္မ ဝန်ခံချက်ပေးခိုင်းခြင်းများ ပြုလုပ်သော်လည်း စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်းက မိ မိတွင် အပြစ်တစုံတရာ မရှိသည့်အလျောက် ဝန်မခံနိုင်ကြောင်း တွင်တွင်ငြင်းဆိုခဲ့သည်ဟု သိရှိရသည်။

၃။ ယနေ့ (၁၅-၅-၂၀၁၄) ကြားသိရသည့် သတင်းအရ မတရားအသင်းနှင့် ဆက်သွယ်မှု ပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုနိုင်ရန်အတွက် စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်းအား အပြစ်ရှိကြောင်း နှုတ်ဖြင့်ဝန်ခံခိုင်းသည်ကို ကာယကံရှင်က အပြစ်ကျူးလွန်းခဲ့ခြင်းမရှိ၍ လုံးဝဝန်ခံခြင်း မပြုခဲ့သော်လည်း၊ အသင့်ရေးသားထားသည့် စာရွက်တွင် ဝန်ခံချက် လက်မှတ်ရေးထိုးရန် အဓမ္မဖိအားပေးတောင်းဆိုလျက်ရှိသည်ဟု စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။ ဤသို့သော လုပ်ဆောင်ချက်သည် ပြည်ထောင်စုအစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် RCSS/SSA တို့အကြား ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သည့်အပြင် RCSS/SSA ကဲ့သို့သော အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရတို့၏ အပြန်အလှန်ယုံကြည်မှုကို လည်း တစ်နည်းတစ်ဖုံ ထိခိုက်ယုတ်လျော့ ပျက်ပြယ်စေမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ပါတီဝင် စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်းအား သက်သေအထောက်အထား မခိုင်လုံဘဲ အတင်းအဓမ္မ အမှုတည်ဆောက်ကာ တရားစွဲဆိုပြစ်ဒဏ်ချမှတ်ရန် ကြိုးပမ်းနေမှုကို ရပ်တန့်ပေးရန် အလေးအနက် တောင်းဆိုပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် တပ်မတော်တို့ ဝိုင်းဝန်း ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းမှု ဖော်ဆောင်ရေး လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေမည့် အောက်ခြေတပ်ရင်းတပ်ဖွဲ့များ၏ အသေးအဖွဲလုပ်ရပ်မှား တစ်ခုမှသည် တိုင်းရင်းသား ပြည်သူတို့၏ယုံကြည်မှုကို ဆုံးရှုံးစေနိုင်သည့်ဆိုးကျိုးများ မပေါ်ပေါက်ရလေအောင် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းဖြေရှင်းကြရန် တိုက်တွန်းတောင်းဆိုပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

အမှတ် ၂၆၊ စော်ဘွားလမ်းနှင့်ပြည်လမ်းထောင့်၊ ၉ မိုင်၊ ရပ်ကွက် (၅)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၆၅၁၅၁၆၊ ၀၉ ၃၆၀၇၀၀၉၀၊ အီးမေးလ် -info@snld.info, sspseng@snld.info